# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## နဝမနေ့အစီအစဉ်

## ၂၀-၈-၂၀၂၆ (ကြာသပတေးနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးမင်းအောင်၊ ပင်လည်ဘူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဖြန့်ဝေသော ပြည်သူဆီ၊ လုပ်ငန်း သုံးဆီနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့ကြပ်မတ် ဆောင်ရွက် ထားသည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "နန်းယွန်း မြို့နယ်၊ ဒုံဟီးမြို့ပေါ်(၃)ရပ်ကွက်နှင့် ဒုံဟီးခွင်အတွင်းရှိ ကျေးရွာအုပ်စုများမှ ပြည်သူများအတွက် ကျေးလက်ကျန်းမာရေးဌာန (သို့) ကျေးလက်ကျန်းမာရေး ဌာနခွဲတစ်ခုကို အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မော်လိုက် မြို့နယ်၊ တွန်းပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် လိုအပ် နေသည့် မူလတန်းနှင့် အလယ်တန်းပြဆရာများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်း မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ ခန့်ထားစေလွှတ် တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(င) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မုံရွာပြည်သူ့ဆေးရုံကြီးအနေဖြင့် ခွဲစိတ်ကုသမှုများ၊ ခွဲရှုးပြန်ကာကွယ်ဆေး ပြတ်လပ်မှုမရှိစေရန်အတွက် ယခုထက် ပိုမိုကောင်းမွန်သော အစီအမံများ စီမံဆောင်ရွက်ထားခြင်းရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်လျှင် နေ့စဉ် QR Code စနစ်ဖြင့် မည်မျှ ရောင်းချခွင့်ပြုထားသည်၊ ဆီအရောင်းဆိုင်မှ စက်သုံးဆီများအား ပြင်ပဈေးကွက်သို့ တရားမဝင် ပြန်လည်မရောင်းချရေးနှင့် ပြည်သူများလက်ဝယ်သို့ သတ်မှတ်ဈေးနှုန်းဖြင့် လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေး မည်သို့ ကြပ်မတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ဟုမ္မလင်းမြို့နယ်၊ ငေါက်စားကျေးရွာနှင့် မုက္ကလိကျေးရွာကို ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း(၁)မိုင်ခန့်အား ကျောက်ရောမြေသားလမ်းအဆင့်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက် နယ်မြေ(၁)တွင်ရှိသော ရန်နိုင်လမ်းနှင့် ထုံးဘိုလမ်းဆက်လျက်ရှိသော ကျောက်တွင်းလမ်းကို မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) **ဦးမြင့်လေး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "မြင်းမူမြို့၊ စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်များသို့ မြစ်ရေ သောက်သုံးရေ လုံလောက်စွာ ဖြန့်ဖြူးပေးနေသည့် ပင်မရေပေးစက်ရုံနှင့် ရေတွင်းစက်ရုံများတွင် SOLAR နှင့် Pump များ တပ်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌက **စစ်ကိုင်းတိုင်းဒေသကြီး၊ ဓာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗွီဒီယိုရုံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)**ကို လွှတ်တော်သို့ တင်သွင်းခြင်း။

၇။ ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌမှ တင်သွင်းသည့် **စစ်ကိုင်းတိုင်းဒေသကြီး၊ ဓာတ်ရုံ၊ ရုပ်ရှင်ရုံနှင့် ဗွီဒီယိုရုံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)**နှင့်ပတ်သက်၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။